ပြည်ထောင်စုလွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်

# မြန်မာနိုင်ငံ၏ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများ


**အကျဉ်းချုပ်**

အစိုးရ၏ အသုံးစရိတ်များကို ကျခံနိုင်ရန် ဝင်ငွေရှာဖွေရာတွင် အဓိကအကျဆုံးနည်းလမ်းမှာ အခွန်စည်းကြပ် ကောက်ခံရေးဖြစ်ပါသည်။ အခွန်စည်းကြပ်မှုမှ ရရှိသော ဝင်ငွေသည် နိုင်ငံတစ်နိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံဖြစ်ပါသည်။ ထို့ကြောင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အခွန်စည်းကြပ်မှုနှင့်ပတ်သက်၍ ရသင့်ရထိုက်သော အခွန်ငွေ အပြည့်အဝ ရရှိစေရန် ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်သည့် အခွန်စနစ် ဖြစ်စေရန်၊ ပြည်တွင်း စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို ထိန်းညှိရန်နှင့် စီးပွားရေး၊ လူမှုရေးရည်မှန်းချက်များကို အထောက်အကူပြုရန်အတွက် အခွန်မူဝါဒများကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ အခွန်နှင့်ဂျီဒီပီအချိုးသည် အာဆီယံဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နိမ့်ကျလျက်ရှိသောကြောင့် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အစိုးရအနေဖြင့် ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေများ တိုးတက်ကောက်ခံရရှိမှသာ ပြည်သူလူထုအတွက် လိုအပ်သော အခြေခံဝန်ဆောင်မှုများ ပေးနိုင်မည် ဖြစ်ပါသည်။


သုတေသနစာတမ်းတိုအမှတ် (၆၂)

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားပါသည်။

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| - | နိဒါန်း | ၁ |
| ၁ | အခွန်ဆိုင်ရာ နောက်ခံအကြောင်းအရာများ | ၂ |
| ၂ | ပြည်တွင်းအခွန်များဦးစီးဌာန၏ ဆောင်ရွက်ချက်များနှင့် ကြုံတွေ့ရမည့် စိန်ခေါ်မှုများ | ၅ |
| ၃ | မြန်မာနိုင်ငံ၏ နှစ်အလိုက်အခွန်ကောက်ခံရရှိမှုများ | ၈ |
| - | နိဂုံး | ၁၁ |

# မြန်မာနိုင်ငံ၏ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများ

## နိဒါန်း

၁။ အခွန်ဆိုသည်မှာ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်သူများ၏ အကျိုးအတွက် နိုင်ငံတော် အစိုးရမှ ကျခံဆောင်ရွက်ရန် ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်း အနေဖြင့်လည်းကောင်း မထည့်မနေရ ထည့်ဝင်ရမည့်ငွေဖြစ်သည်။[1]

၂။ အခွန်အကောက်ဆိုသည်မှာ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ပြည်ထောင်စု အစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့်အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။[2]

၃။ အခွန်ပေးဆောင်ခြင်းသည် အစိုးရနှင့် ပြည်သူလူထုအကြား လူမှုပဋိညာဉ်၏ အရေးကြီးဆုံး အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ လူမှုပဋိညာဉ်ဆိုသည်မှာ နိုင်ငံသားများနှင့် နိုင်ငံတော်အကြား ထားရှိသည့် ရေးသားမထားသော တာဝန်ဝတ္တရားများ ဖြစ်သည်။ နိုင်ငံသားများသည် အခွန်ပေးဆောင်ရန် တာဝန်ရှိပြီး နိုင်ငံတော်မှ အများပြည်သူနှင့်သက်ဆိုင်သောအရာများ၊ ဝန်ဆောင်မှုများ ပြန်လည် ပေးဆောင်ရန် မျှော်မှန်းကြသည်။[3]

၄။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတကာ စံနှုန်းများနှင့် ကိုက်ညီသည့် အခွန်ဥပဒေများဖြစ်စေရေး ဆောင်ရွက်လျက်ရှိပါသည်။[4] အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၏ ရည်ရွယ်ချက်မှာ အခွန်နှင့် ဂျီဒီပီအချိုး မြင့်တက်လာစေရန်နှင့် ခေတ်မီ အခွန်ဆိုင်ရာစီမံခန့်ခွဲမှုစနစ်သို့ ပြောင်းလဲရန်ဖြစ်ပါသည်။[5]

---

[1] စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်အကြောင်းသိကောင်းစရာ၊ available from: www. irdmyanmar.gov.mm [viewed 14.8.2018]

[2] ပုဒ်မ ၂(က)၊ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ ၂၀-၃-၂၀၁၈၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀။

[3] နိုင်ငံတော်တည်ဆောက်ရေး၏ အုတ်မြစ်ဖြစ်သော အခွန်ထမ်းဆောင်မှု၊ Info Digest Journal၊ အမှတ် (၃၉)၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်၊ စာ- ၄။

[4] စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေး ကိစ္စ၊ စာ-၂။

[5] စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲခြင်း၊ available from: www.irdmyanmar.gov.mm [viewed 14.8.2018]

## အခန်း (၁)

## အခွန်ဆိုင်ရာ နောက်ခံအကြောင်းအရာများ

### အခွန်စနစ်ပေါ်ပေါက်လာပုံ

၅။ အခွန်စနစ် စတင်ပေါ်ပေါက်လာသည့် အခြေအနေသည် အုပ်ချုပ်သူလူတန်းစားမှ သတ်မှတ်ခဲ့ခြင်းမဟုတ်ဘဲ အုပ်ချုပ်ခံပြည်သူများမှ စတင်တောင်းဆိုခဲ့သောအရာဖြစ်သည်။ သမိုင်းဦးခေတ်၌ ရပ်ရွာအသိုင်းအဝိုင်းတွင် အပြစ်ရှိသောသူများကို ထုတ်ဖော်ပြောဆိုခြင်း၊ အပြစ်ဒဏ်သတ်မှတ်ပေးခြင်း၊ အပြစ်ဒဏ်ချမှတ်ခြင်း ဥပဒေသုံးရပ်ကို မဟာသမ္မတမင်းအား အပ်နှင်း၍ ပြည်သူကို အလုပ်အကျွေးပြုရန် မင်းအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ အဆိုပါ မဟာသမ္မတမင်းအား ပြည်သူများက မိမိတို့စုဆောင်းရရှိသည့် ပစ္စည်းဥစ္စာများမှ ဆယ်ပုံလျှင် တစ်ပုံကို အခွန်အဖြစ် ပေးဆောင်ရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။[6]

၆။ မြန်မာနိုင်ငံ၏ အခွန်စနစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွက် ပြည်ထောင်စုဝန်ကြီးဌာန (၈) ခုနှင့် နေပြည်တော်ကောင်စီတို့က ထုတ်လုပ်မှုနှင့် သုံးစွဲမှုဆိုင်ရာ အခွန်အခများ၊ ဝင်ငွေနှင့် ပိုင်ဆိုင်မှုဆိုင်ရာ အခွန်အခများ၊ အကောက်ခွန်နှင့် နိုင်ငံပိုင်ပစ္စည်းများ သုံးစွဲမှုဆိုင်ရာ အခွန်အခများဟူ၍ ကဏ္ဍလေးရပ် ခွဲခြားကာ အခွန်အကောက်အမျိုးအစား (၂၂) မျိုး စည်းကြပ်ကောက်ခံလျက်ရှိပါသည်။[7]

၇။ ထိုသို့ ကောက်ခံလျက်ရှိသည့် အခွန်အမျိုးအစား (၂၂) မျိုးအနက် ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ကောက်ခံပေးနေသည့် အခွန်အမျိုးအစား ၅ မျိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-[8]

(က) ကုန်သွယ်လုပ်ငန်းခွန်၊

(ခ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆုခွန်၊

(ဂ) တံဆိပ်ခေါင်းခွန်၊

(ဃ) အထူးကုန်စည်ခွန်၊

(င) ဝင်ငွေခွန်။

---

[6] နိုင်ငံတော်တည်ဆောက်ရေး၏အုတ်မြစ်ဖြစ်သော အခွန်ထမ်းဆောင်မှု၊ Info Digest Journal၊ အမှတ် (၃၉)၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်၊ စာ- ၄။

[7] စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြချက်၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ၊ စာ-၁၈။

[8] စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်အကြောင်းသိကောင်းစရာ၊ available from: www.irdmyanmar.gov.mm [viewed 14.8.2018]

## အခွန်၏ အင်္ဂါရပ်များ

၈။ အခွန်၏ အင်္ဂါရပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အများအကျိုးအတွက် နိုင်ငံတော်အစိုးရမှ ကျခံဆောင်ရွက်ရန် ပုဂ္ဂိုလ်တစ်ဦးချင်း အနေဖြင့် မထည့်မနေရ ထည့်ဝင်ရမည့်ငွေဖြစ်ခြင်း၊

(ခ) ယင်းသို့ မပေးမနေရ ထည့်ဝင်ရခြင်းကြောင့် အထူးအကျိုးခံစားခွင့်နှင့် သက်ဆိုင်ခြင်း မရှိဘဲ အများပြည်သူထဲမှ တစ်ဦးအနေဖြင့်သာ အကျိုးခံစားခွင့်ရှိခြင်း၊

(ဂ) အခွန်မှာ မပေးမနေရ သဘောသက်ဝင်သဖြင့် ပေးဆောင်ရန် ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပေးဆောင်ရမည်ဖြစ်ခြင်း၊

(ဃ) နိုင်ငံသားဖြစ်စေ၊ နိုင်ငံခြားသားဖြစ်စေ နိုင်ငံအတွင်း နေထိုင်ခြင်းကြောင့် လည်းကောင်း၊ ငွေကြေး ပိုင်ဆိုင်ခြင်းကြောင့်လည်းကောင်း သက်ဆိုင်ရာ အစိုးရသို့ အခွန်ပေးဆောင် ရခြင်း၊

(င) သက်ဆိုင်ရာနိုင်ငံ၏ ရေ၊ မြေ၊ သယံဇာတပစ္စည်းများကို ရင်းနှီးမြှုပ်နှံပြီး ကိုယ်ကျိုး စီးပွားဆောင်ရွက်ရာမှ ရရှိသော အကျိုးအမြတ်၏ အချို့အဝက်ကို သက်ဆိုင်ရာ နိုင်ငံ့ အကျိုးအတွက် ပေးဆောင်မှုဖြစ်ခြင်း။[9]

## အခွန်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်

၉။ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ နိုင်ငံ့ဝန်ထမ်းများအား လစာနှင့်စရိတ် ချီးမြှင့်နိုင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရေး၊ အခြေခံအဆောက်အဦများ ပြည့်စုံရေး အစရှိသည့် နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများအတွက် အသုံးစရိတ်ကာမိစေရန် ဘဏ္ဍာငွေ ရရှိရေးနှင့် နိုင်ငံတော်၏ စီးပွားရေး ရည်မှန်းချက်များကို အထောက်အကူပြုရေး ရည်ရွယ်ချက်များ အပေါ်တွင်သာ အခြေပြု ကောက်ခံခြင်း မဟုတ်ဘဲ အောက်ပါရည်ရွယ်ချက်များကိုပါ အကောင်အထည်ဖော်ဆောင်နိုင်ရန် ကောက်ခံခြင်း ဖြစ်ပါသည်-

(က) နိုင်ငံတော်တွင် ညီညွတ်မျှတသော အရအသုံး ငွေကြေးစနစ် ပေါ်ပေါက်စေပြီး ငွေကြေး လည်ပတ်မှုကို မှန်ကန်စေ၍ ငွေကြေးဖောင်းပွမှု မပေါ်ပေါက်အောင် ထိန်းသိမ်း ပေးရန်၊

(ခ) စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်စနစ်ဖြင့် ထိန်းညှိပေးနိုင်ရန်၊

[9] အခွန်အကြောင်းသိကောင်းစရာ (ပြည်တွင်းအခွန်များဦးစီးဌာန)၊ Info Digest Journal၊ အမှတ် (၃၉)၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်၊ စာ- ၆။

(ဂ) ကုန်ဈေးနှုန်း တည်ငြိမ်မှုအတွက် အထောက်အကူဖြစ်စေရန်၊

(ဃ) ဓနအင်အားမျှတစေရန်၊

(င) နိုင်ငံတော်၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးရည်မှန်းချက်များ အကောင်အထည် ဖော်ရေးကို အထောက်အကူဖြစ်စေရန်၊

(စ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးရန်၊

(ဆ) အရက်၊ စီးကရက် စသော တားမြစ်လိုသည့် ကုန်စည်များကို အခွန်အကောက် စနစ်ဖြင့် ဟန့်တားနိုင်ရန်။[10]

**အခွန်စနစ်၏ အားနည်းချက်များ**

၁၀။ မြန်မာနိုင်ငံ၏ အခွန်စနစ်တွင် အောက်ပါ အားနည်းချက်များ ရှိနေပါသည်-

(က) အခွန်စနစ်၏စွမ်းဆောင်ရည်နိမ့်ကျလျက်ရှိခြင်း။

(ခ) အခွန်ထမ်းများ၏ လိုက်နာမှုအားနည်းခြင်း။

(ဂ) အခွန်ဆိုင်ရာမူဝါဒများ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ခေတ်မမီခြင်း။[11]

၁၁။ ထို့ကြောင့် မြန်မာနိုင်ငံ၏ အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။[12]

၁၂။ မြန်မာနိုင်ငံအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီစနစ်သို့ ကူးပြောင်းခြင်း ဖြစ်စဉ်နှင့် အတူ စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုမူဘောင် (Framework for Economic & Social Reform) ကို ချမှတ်ပြီး နိုင်ငံအတွင်း ပြုပြင်ပြောင်းလဲရေး ဧရိယာ (၁၀) ခုကို သတ်မှတ် ဆောင်ရွက်ခဲ့ရာ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေး (Tax Reform) သည် တစ်ခု အပါအဝင်ဖြစ် ပါသည်။[13]

၁၃။ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် စတင် ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့ပါသည်။[14]

---

[10] အခွန်အကြောင်းသိကောင်းစရာ (ပြည်တွင်းအခွန်များဦးစီးဌာန)၊ Info Digest Journal၊ အမှတ် (၃၉)၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်၊ စာ- ၇။

[11] စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲခြင်း၊ available from: www.irdmyanmar.gov.mm [viewed 14.8.2018]

[12] စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်စနစ်ပြုပြင်ပြောင်းလဲရေး၊ ၂၁-၅-၂၀၁၈။

[13] စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲခြင်း၊ available from: www.irdmyanmar.gov.mm [viewed 14.8.2018]

[14] စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲခြင်း၊ available from: www.irdmyanmar.gov.mm [viewed 14.8.2018]

၁၄။ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရာတွင် အခွန်ရုံးမှ အခွန်စည်းကြပ်သည့်စနစ် (Official Assessment System- OAS) မှ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ် (Self-Assessment System- SAS)သို့ ပြောင်းလဲကျင့်သုံးနိုင်ရန်လည်း ဆောင်ရွက်လျက်ရှိပါသည်။ အခွန်ရုံးမှ အခွန်စည်းကြပ်သည့်စနစ်သည် အခွန်ထမ်း၏ တင်ပြမှုအပေါ် အခွန်ရုံးမှ စည်းကြပ်သတ်မှတ်ခြင်းဖြစ်ပြီး အဆိုပါစနစ်သည် အခွန်မှူးတစ်ဦးတည်းမှ အခွန်ထမ်း ဝန်ဆောင်မှုလုပ်ငန်း၊ အခွန်စာရင်း စစ်ဆေးခြင်းလုပ်ငန်း၊ အခွန်ကောက်ခံခြင်းလုပ်ငန်းများကို လုပ်ဆောင်ရသည့်အတွက် အခွန်မှူးတစ်ဦးတည်းတွင် လုပ်ပိုင်ခွင့်များ ရရှိနေသည်။ ထို့ကြောင့် အဂတိလိုက်စားမှု ကင်းစင်ရေးအတွက် အခွန်မှူးတစ်ဦးတည်းအပေါ် လုပ်ပိုင်ခွင့်မပေးတော့ဘဲ အခွန်ထမ်းမှ မိမိပေးဆောင်ရမည့် အခွန်အား တွက်ချက်ပေးသွင်းခြင်းအပေါ် အခွန်ရုံးမှ လုပ်ငန်းကဏ္ဍအလိုက် တာဝန်ယူသည့်စနစ်ဖြစ်သည့် အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့် စနစ်ကို ပြောင်းလဲဆောင်ရွက်ရခြင်းဖြစ်သည်။[15]

၁၅။ ထို့အပြင် ကုန်သွယ်လုပ်ငန်းခွန်ကို နိုင်ငံတကာတွင် ကျင့်သုံးသော ထပ်ဆင့်တန်ဖိုးခွန်သို့ ကုန်စည်နှင့်ဝန်ဆောင်မှုခွန်အဖြစ် ပြောင်းလဲရန်၊ အခွန်ထမ်း မှတ်ပုံတင်အမှတ်ပေးရန်၊ ဒေတာစင်တာများ တည်ဆောက်ရန်နှင့် အိုင်တီနည်းပညာသုံး အခွန်စီမံခန့်ခွဲမှု ဆော့ဝဲလ်တစ်ရပ် ဝယ်ယူ အသုံးပြုရန် ဆောင်ရွက်လျက်ရှိပါသည်။[16]

## အခန်း (၂)
## ပြည်တွင်းအခွန်များဦးစီးဌာန၏ ဆောင်ရွက်ချက်များနှင့် ကြုံတွေ့ရမည့် စိန်ခေါ်မှုများ

### အခွန်မူဝါဒ

၁၆။ အစိုးရ၏ အသုံးစရိတ်များကို ကျခံနိုင်ရန် ဝင်ငွေရှာဖွေရာတွင် အခွန်စည်းကြပ်ကောက်ခံရေးမှာ အဓိကကျပါသည်။ ထို့ကြောင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အခွန်စည်းကြပ်မှုနှင့်ပတ်သက်၍ ရသင့်ရထိုက်သောအခွန်ငွေ အပြည့်အဝရရှိစေရန် ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်သည့် အခွန်စနစ်ဖြစ်စေရန်၊ ပြည်တွင်းစားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို ထိန်းညှိရန်နှင့် စီးပွားရေး၊ လူမှုရေး ရည်မှန်းချက်များကို အထောက်အကူပြုရန်အတွက် အောက်ပါ အခွန်မူဝါဒများကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်-

(က) နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်များအတွက်သာ အခွန်ကို ကောက်ခံခြင်းမဟုတ်ဘဲ နိုင်ငံတော်တွင် ညီညွတ်မျှတသော အရအသုံး ငွေကြေးစနစ်ကို ဖော်ဆောင်၍ ငွေကြေးလည်ပတ်မှု မှန်ကန်စေရန်၊

---

[15] ပြည်တွင်းအခွန်များဦးစီးဌာန၏ အဓိကလုပ်ငန်းတာဝန်၊ Info Digest Journal၊ အမှတ် (၁၉)၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်၊ စာ- ၁၁။

[16] နိုင်ငံတော်တည်ဆောက်ရေး၏အုတ်မြစ်ဖြစ်သော အခွန်ထမ်းဆောင်မှု၊ Info Digest Journal၊ အမှတ် (၁၉)၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်၊ စာ- ၅။

(ခ) ငွေကြေးဖောင်းပွမှုကို ထိန်းသိမ်းရန်၊

(ဂ) ပြည်တွင်းစားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးရန်၊

(ဃ) ကုန်ဈေးနှုန်းတည်ငြိမ်မှုအတွက် အထောက်အကူပြုရန်၊

(င) ဝင်ငွေခွဲဝေမှု မျှတစေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်။[17]

**မဟာဗျူဟာအစီအစဉ်၏ မျှော်မှန်းရလဒ်များ**

၁၇။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ကောက်ခံမှုနှင့်စပ်လျဉ်း၍ အောက်ပါ မဟာဗျူဟာစီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်-

(က) **အခွန်ကောက်ခံရရှိမှုအမြင့်မားဆုံးဖြစ်စေရန်။** ဥပဒေနှင့်အညီအခွန်ကောက်ခံ ရရှိမှုကို အချိန်နှင့်အမျှ အမြင့်ဆုံးအနေအထားသို့ ရောက်ရှိစေရန် ဖြစ်ပါသည်။

(ခ) **အခွန်အခြေကို ချဲ့ထွင်ရန်။** အခွန်စနစ်အတွင်း ပါဝင်သင့်သူအားလုံး စနစ်အတွင်း ပါဝင်လာအောင် ဆောင်ရွက်ရန်ဖြစ်ပါသည်။

(ဂ) **လိုက်နာဆောင်ရွက်မှုတိုးတက်စေ၍ ယင်းတိုးတက်မှုကို ထိန်းသိမ်းထားနိုင်ရန်။** အခွန်ထမ်းများက မိမိတို့ ထမ်းဆောင်ရမည့် တာဝန်များကို နားလည်လက်ခံပြီး မိမိဆန္ဒအလျောက် လိုက်နာဆောင်ရွက်လာစေရမည်။

(ဃ) **အခွန်စီမံခန့်ခွဲမှုကို ခေတ်မီအောင်ဆောင်ရွက်ရန်။** မြန်မာနိုင်ငံ၏ လိုအပ်ချက်နှင့် ကိုက်ညီမည့် နည်းပညာနှင့် နိုင်ငံတကာကျင့်စဉ်ကောင်းများကို အခြေခံ၍ အခွန်စီမံ အုပ်ချုပ်ရေးကို ခေတ်မီအောင် ဆောင်ရွက်ရန်ဖြစ်ပါသည်။[18]

**ပြုပြင်ပြောင်းလဲရေး၏ နည်းဗျူဟာများ**

၁၈။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အောက်ပါ ပြုပြင်ပြောင်းလဲရေး နည်းဗျူဟာ (၈) ခုကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်-

(က) စွမ်းဆောင်ရည်ရှိသည့် ဥပဒေများ ဖော်ထုတ်ရေးဆွဲရန်၊

(ခ) ပြည်တွင်းအခွန်များဦးစီးဌာန၏ လုပ်ဆောင်ချက်များ ပိုမိုထိရောက် ကောင်းမွန်စေရေး အတွက် ပြည်တွင်းအခွန်များ ဦးစီးဌာနကို ပြန်လည်စုဖွဲ့ရန်၊

---

[17] ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ အချက်အလက်များ၊ အခွန်မူဝါဒ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်၊ စာ-၄။

[18] စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်စနစ်ပြုပြင်ပြောင်းလဲရေး၊ ၂၁-၅-၂၀၁၈၊ စာ-၂၊၃။

(ဂ) အခွန်စည်းကြပ်ရေး လုပ်ငန်းစဉ်များကို ခေတ်မီအောင် ဆောင်ရွက်ရန်၊

(ဃ) နည်းပညာနှင့် အားထားလောက်သော ICT အခြေခံစနစ်များကို မိတ်ဆက်ကျင့်သုံးရန်၊

(င) အခွန်ထမ်း ဝန်ဆောင်မှုပေးခြင်းနှင့် အရေးယူမှု အစီအစဉ်များကို ညီမျှအောင် ဆောင်ရွက်ရန်၊

(စ) ဝန်ထမ်းများ၏ တစ်ဦးချင်းစွမ်းဆောင်ရည်နှင့် ဌာနစွမ်းဆောင်ရည် တိုးတက်စေရန်၊

(ဆ) ပြုပြင်ပြောင်းလဲမှုကို အုပ်ချုပ်ရေးမူဘောင်တစ်ခု တည်ထောင်ရန်၊

(ဇ) ရိုးဖြောင့်မှန်ကန်မှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု တိုးတက်စေရန်။[19]

၁၉။ စွမ်းဆောင်ရည်ရှိသည့် ဥပဒေများ ဖော်ထုတ်ရေးဆွဲခြင်းအတွက် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေကြမ်းကို လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့ခြင်း၊ ဝင်ငွေခွန်ဥပဒေ ပြန်လည် ရေးဆွဲခြင်းနှင့် တန်ဖိုးမြင့်အခွန်စနစ် (VAT) အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်လျက် ရှိပါသည်။[20]

၂၀။ အခွန်စည်းကြပ်ရေး လုပ်ငန်းစဉ်များကို ခေတ်မီအောင် ဆောင်ရွက်ခြင်းအတွက် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၁) တွင် အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်ကို အပြည့်အဝ လည်ပတ်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၁) တွင် အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်သို့ မူလ အခွန်ထမ်း ၇၀၀ အပြင် အခွန်ထမ်း ၁၂၀၀ ဦးကို ထပ်မံဖြည့်တင်း ဆောင်ရွက်နေပါသည်။[21]

## ကြုံတွေ့ရမည့် စိန်ခေါ်မှုများ

၂၁။ အခွန်စနစ်ပြုပြင်ပြောင်းလဲရာတွင် အောက်ပါစိန်ခေါ်မှုများကို ကြုံတွေ့ရနိုင်ပါသည်-

(က) စွမ်းဆောင်ရည်ကို အလွန်နိမ့်သည့် အခြေအနေမှ စတင် တည်ဆောက်ရမည်ဖြစ်ခြင်း၊

(ခ) အခွန်ထမ်းများ၊ ပြည်သူများ၏ အခွန်ပေးဆောင်ခြင်းနှင့်ပတ်သက်သည့် စိတ်နေသဘောထားကို ပြောင်းလဲရန် လိုအပ်ခြင်း၊

(ဂ) အခွန်ထမ်းများအား ၎င်းတို့၏ တာဝန်များနှင့်ပတ်သက်၍ အသိပညာပေးရန် လိုအပ်ခြင်း၊

(ဃ) အခွန်စာရင်းစစ်ဆေးခြင်း၊ စွမ်းဆောင်ရည်ဖွံ့ဖြိုးစေခြင်း၊

(င) လူအင်အားနှင့် ဘတ်ဂျက်လိုအပ်ချက်များကို အစိုးရ၏ ထောက်ပံ့မှု ရရှိရန် လိုအပ်ခြင်း၊

(စ) နေ့စဉ်ပုံမှန် လုပ်ငန်းများတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကိုပါ တစ်ပါတည်း တွဲစပ် ဆောင်ရွက်ရန် လိုအပ်ခြင်း။[22]

[19] စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်စနစ်ပြုပြင်ပြောင်းလဲရေး၊ ၂၁-၅-၂၀၁၈၊ စာ-၃။
[20] Ibid, p-4
[21] Ibid, p-5
[22] Ibid, p-8

# အခန်း (၃)
# မြန်မာနိုင်ငံ၏ နှစ်အလိုက်အခွန်ကောက်ခံရရှိမှုများ

၂၂။ မြန်မာနိုင်ငံ၏ အခွန်ကောက်ခံရရှိမှုသည် နှစ်စဉ်တိုးတက်လျက်ရှိသော်လည်း အခွန်အခြေကို ထပ်မံချဲ့ထွင်ရန် လိုအပ်နေသေးသည်။[23]

**ဘဏ္ဍာနှစ်အလိုက် အခွန်ရရှိမှုအခြေအနေ**




* မူလခန့်မှန်းခြေ

Source: Ministry of Planning and Finance

၂၃။ ဘဏ္ဍာနှစ်အလိုက် အခွန်ကောက်ခံရရှိမှုများအနေဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆) လ ဘတ်ဂျက်တွင် ကျပ်ဘီလီယံပေါင်း ၂၇၀၀ ကျော် ကောက်ခံရရှိခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အခွန်ကောက်ခံရရှိမှုသည် နှစ်စဉ် တိုးတက်လာခဲ့ပြီး ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံပေါင်း ၇၅၀၀ ကျော်အထိ ကောက်ခံရရှိခဲ့ပါသည်။

**ဘဏ္ဍာနှစ်အလိုက် အခွန်နှင့်ဂျီဒီပီအချိုး (ရာခိုင်နှုန်း)**

| ဘဏ္ဍာရေးနှစ် | အခွန်နှင့်ဂျီဒီပီအချိုး |
|---|---|
| ၂၀၁၁-၂၀၁၂ | ၃.၈ |
| ၂၀၁၂-၂၀၁၃ | ၆.၅ |
| ၂၀၁၃-၂၀၁၄ | ၇.၉ |
| ၂၀၁၄-၂၀၁၅ | ၁၀ |
| ၂၀၁၅-၂၀၁၆ | ၈.၇ |
| ၂၀၁၆-၂၀၁၇ | ၈.၅ |
| ၂၀၁၇-၂၀၁၈ | ၇.၁ |
| ၂၀၁၈ (ဧပြီ-စက်တင်ဘာ) | ၈.၅ |

Source: Ministry of Planning and Finance

၂၄။ မြန်မာနိုင်ငံ၏ အခွန်နှင့်ဂျီဒီပီအချိုးသည် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ ဘတ်ဂျက်တွင် ၈.၅ ရာခိုင်နှုန်းဖြစ်ပါသည်။ ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ မြန်မာနိုင်ငံ၏ အခွန်နှင့် ဂျီဒီပီအချိုးသည် နှစ်စဉ်တိုးတက်လာခဲ့သော်လည်း ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင်

[23] စိုးချစ်ချစ်ပိုင်၊ အခွန်ကောက်ခံရရှိမှု ယမန်နှစ်ကာလတူထက် ကျပ်ဘီလီယံ ၁၃၀ ကျော် ပိုမိုရရှိ၊ မြန်မာတိုင်းမ်နေ့စဉ်၊ ၂၁-၇-၂၀၁၈၊ available from: http://www.mmtimes.com [viewed 2.8.2018]

အနည်းငယ် ကျဆင်းခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ ဘတ်ဂျက်ကာလအတွင်း ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် အခွန်နှင့်ဂျီဒီပီ အချိုးသည် ၁၀ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ခဲ့သည်။

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် အခွန်အမျိုးအစားအလိုက် ပြည်ထောင်စု၏ အခွန်အကောက်ရငွေ (ခန့်မှန်းခြေ)




Source: Ministry of Planning and Finance

၂၅။ အထက်ဖော်ပြပါ သတင်းအချက်အလက်များအရ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စု၏ အခွန်အကောက်ရငွေ (ခန့်မှန်းခြေ) ကို ဝင်ငွေခွန်တွင် ကျပ်ဘီလီယံ ရှစ်ရာကျော်နှင့် အများဆုံး ရရှိရန် လျာထားခဲ့ပါသည်။ ကုန်သွယ်လုပ်ငန်းခွန်တွင် ကျပ်ဘီလီယံ ခြောက်ရာကျော်နှင့် အထူးကုန်စည်ခွန်တွင် လေးရာကျော် ရရှိရန် လျာထား ဆောင်ရွက်ခဲ့ပါသည်။ အောင်ဘာလေသိန်းဆုခွန်တွင် ကျပ်ဘီလီယံ လေးဆယ်နှင့် တံဆိပ်ခေါင်းခွန်တွင် ကျပ်ဘီလီယံ နှစ်ဆယ်ကျော် ရရှိရန် လျာထားခဲ့ပါသည်။

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အခွန်ရငွေစာရင်း (မူလခန့်မှန်းခြေ)**

(ကျပ်သန်းပေါင်း)

| စဉ် | အခွန်အမျိုးအစားများ | ၂၀၁၈-၂၀၁၉ မူလခန့်မှန်းခြေ |
|---|---|---|
| ၁ | ယစ်မျိုးခွန် | ၁,၀၈၄.၂၇၅ |
| ၂ | ကုန်သွယ်လုပ်ငန်းခွန် | ၂,၁၂၂,၈၃၈.၅၄၇ |
| ၃ | သွင်းကုန်အတွက် လိုင်စင်ခများ | ၇,၀၀၀.၀၀၀ |
| ၄ | မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု | ၁၄၂,၇၈၁.၆၁၂ |
| ၅ | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ | ၁၂၁,၄၀၀.၀၀၀ |
| ၆ | တံဆိပ်ခေါင်းခွန် | ၇၄,၆၃၆.၇၁၉ |
| ၇ | မှတ်ကောင်ဝတ်ဆံသွင်းအခွန် | ၇၂၀. |
| ၈ | ခရီးလှည့်လည်ရေးလိုင်စင်/ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်/ ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်/ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး | ၈၆၅.၄၇၅ |
| ၉ | အထူးကုန်စည်ခွန် | ၁,၃၉၁,၄၅၉.၃၁၆ |
| ၁၀ | ဝင်ငွေခွန် | ၂,၃၂၄,၈၁၆.၃၂၀ |
| ၁၁ | အကောက်ခွန် | ၅၃၀,၀၀၀.၀၀၀ |
| ၁၂ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | ၁၀.၃၉၂ |
| ၁၃ | ရေခွန် | ၇၆.၀၀၃ |
| ၁၄ | တာတမံခွန် | ၀.၀၂၅ |
| ၁၅ | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန် | ၅,၁၀၀.၀၀၀ |
| ၁၆ | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ) | ၄၅.၀၄၈ |
| ၁၇ | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ | ၂,၆၀၇.၀၀၀ |
| ၁၈ | ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | ၄၁၀,၃၁၃.၂၁၂ |
| ၁၉ | ဓာတ်သတ္တုခွန်နှင့်ရတနာခွန် | ၃၀,၃၆၈.၀၀၀ |
| ၂၀ | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ | ၃၉၆,၉၆၃.၈၀၀ |
| ၂၁ | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ | ၁၂,၁၉၇.၉၂၀ |
| ၂၂ | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများထံမှ ကောက်ခံ ရရှိသည့်အခွန် | ၆၅၀.၅၅ |
| | **စုစုပေါင်း** | **၇,၅၇၅,၉၃၄.၂၁၄** |

Source: စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြချက်၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ၊ စာ-၁၈။

၂၆။ အထက်ဖော်ပြပါဇယားအရ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အခွန်ရငွေ ခန့်မှန်းချက်မှာ ကျပ်ဘီလီယံ ပေါင်း ၇,၅၀၀ ကျော် ဖြစ်ပါသည်။ ဝင်ငွေခွန်ကို ကျပ်ဘီလီယံ ၂,၃၀၀ ကျော်ဖြင့် အများဆုံးရရှိရန် ခန့်မှန်းထားပြီး ကုန်သွယ်လုပ်ငန်းခွန်ကို ကျပ်ဘီလီယံ ၂,၁၀၀ ကျော်ဖြင့် ဒုတိယ အများဆုံး ရရှိရန် ခန့်မှန်းထားပါသည်။

**နိဂုံး**

၂၇။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း လုပ်ငန်းများကို နိုင်ငံတကာအကူအညီများဖြင့် ဘဏ္ဍာရပ်အလိုက် နည်းပညာအကူအညီများ ရယူခြင်း၊ ဌာနေ အကြံပေးများ ခန့်အပ်တာဝန်ပေးခြင်း၊ လိုအပ်သော သင်တန်းများ ပို့ချခြင်းနှင့် လိုအပ်သော ရန်ပုံငွေ (ချေးငွေ/ ထောက်ပံ့ငွေ) များ ရယူဆောင်ရွက်လျက် ရှိပါသည်။[24]အခွန်ဆိုင်ရာ ပြုပြင် ပြောင်းလဲရေး မဟာဗျူဟာအစီအစဉ်အရ ၂၀၁၄-၂၀၂၀ အတွင်း အောင်မြင်မှုရရှိရန် စီမံဆောင်ရွက်လျက် ရှိပါသည်။[25] အခွန်ဝန်ထမ်းများက အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း လုပ်ငန်းများ အောင်မြင်ရေး အတွက် ဆောင်ရွက်သကဲ့သို့ အခွန်ထမ်းပြည်သူများမှလည်း ပူးပေါင်းပါဝင် ဆောင်ရွက်မှသာ ခေတ်မီ အခွန်စနစ်ကို ရောက်ရှိနိုင်မည် ဖြစ်ပါသည်။[26]

---

[24] စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲခြင်း၊ available from: www.irdmyanmar.gov.mm [viewed 14.8.2018]

[25] စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မဟာဗျူဟာအစီအစဉ်၊ ၂၀၁၄-၂၀၂၀၊ ဇွန်လ၊ ၂၀၁၇ ခုနှစ်။

[26] စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲခြင်း၊ available from: www.irdmyanmar.gov.mm [viewed 14.8.2018]

## သတိပြုရန် အချက်များ

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကိုဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီနောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာ အကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များ လိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင် သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုဌာနသည် စာတမ်းတိုများတွင်ပါဝင်သော အကြောင်းအရာများအား လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့်သာ မျှဝေဆွေးနွေးမည် ဖြစ်ပါသည်။ အများပြည်သူနှင့် မျှဝေရန်မဟုတ်ပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန် (သို့မဟုတ်) သုတေသနနှင့်လေ့ကျင့်ရေးဌာနခွဲအား လာရောက်လေ့လာရန် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်-


သုတေသနနှင့်လေ့ကျင့်ရေးဌာနခွဲ

ဇမ္ဗူသီရိဆောင် - ပထမထပ်
တယ်လီဖုန်း - ၀၆၇-၅၉၁၂၇၆
၀၆၇-၅၉၁၄၁၇

dd.research@pds.hluttaw.net